# စီးပွားရေးလုပ်ငန်းများ အမျိုးအစားခွဲခြားခြင်းဆိုင်ရာ မြန်မာစံပြုသင်္ကေတများ (MSIC) အား ISIC Revision 5 နှင့် ချိတ်ဆက်နိုင်ရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်၊ ဧပြီ ၂၈**

စီးပွားရေးလုပ်ငန်းများ အမျိုးအစား ခွဲခြားခြင်းဆိုင်ရာ မြန်မာစံပြုသင်္ကေတများ (Myanmar Standard Industrial Classification – MSIC) အား ISIC Revision - 5 နှင့် ချိတ်ဆက်နိုင်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁:၀၀ နာရီတွင် ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၄၅) ဦး တက်ရောက်ကြသည်။

ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က အဖွင့်အမှာစကားပြောကြားရာ၌ စီးပွားရေးလုပ်ငန်းများအား လုပ်ငန်းအမျိုးအစား ခွဲခြားသတ်မှတ်ရာ၌ နိုင်ငံများအားလုံး တစ်ညီတစ်ညွတ်တည်း ဖြစ်စေရန်အတွက် ကုလသမဂ္ဂစာရင်းအင်းဌာနခွဲသည် International Standard Industrial Classification – ISIC ကို ထုတ်ပြန်ထားကြောင်း၊ ISIC ကို စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများတွက်ချက်ခြင်း၊ MSMEs လုပ်ငန်းများအား လုပ်ငန်းအမျိုးအစားခွဲခြားခြင်းနှင့် လုပ်သားအင်အား စာရင်းအင်းများ တွက်ချက်ရာတွင် အသုံးပြုကြောင်း၊ ISIC သည် အခြား Classification များဖြစ်သည့် Central Products Classification(CPC), Classification of Individual Consumption According to Purpose (COICOP), Harmonized System (HS) တို့နှင့်လည်း ဆက်စပ်နေကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့သည် ISIC Revision – 4 ကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများ အမျိုးအစားခွဲခြားခြင်းဆိုင်ရာ မြန်မာစံပြုသင်္ကေတများ (MSIC) အား ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ထားကြောင်း၊ ယခုအခါ ကုလသမဂ္ဂ

စာရင်းအင်းဌာနခွဲသည် ISIC Revision -  5 ကို ထုတ်ပြန်ပြီးဖြစ်၍ မြန်မာနိုင်ငံ အနေဖြင့် MSIC ကို ISIC Revision – 5 နှင့် ချိတ်ဆက်ရန် လိုအပ်လျက်ရှိပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က ISIC Revision – 5 တွင် အသစ်ပြင်ဆင်ထားရှိမှုများ၊ MSIC ကို ISIC Revision -  5 နှင့် ချိတ်ဆက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။